. . . အကျဉ်းမျှသင်ပေးထားတာဖြစ်ပါတယ်။ ဒါကို . . . ထပ်တလဲလဲ . . . ဟုတ်၏ . . . မဟုတ်၏ . . . မှန်၏ . . . မမှန်၏ . . . ကိုယ့်ဉာဏ်နဲ့ကိုယ် . . . စဉ်းစားကြရပါမယ်။ နိဗ္ဗာန် . . . မဂ် ဖိုလ် ရောက်သည့်တိုင်အောင် ဒီပညာတွေက အထောက်အပံ့ပေးနိုင်ပါတယ်။ ဒီပညာတွေကိုရရင် . . . တဖြည်းဖြည်း . . . ရုပ်နာမ်ခန္ဓာအကြောင်း . . . အာရုံအကြောင်း ကိုသိလာပါမယ်။ ဒီတော့ . . . တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်၍ . . . နိဗ္ဗာန် ရောက်ကြောင်း . . . တရားကောင်း၊ တရားမြတ်များရသည့်တိုင်အောင် အားထုတ်နိုင်ကြသော . . . ပုဂ္ဂိုလ်ထူးများ ဖြစ်ကြပါစေ . . .

သာဓု . . . သာဓု . . . သာဓု



# ဝဋ်သုံးပါး

ဒီနေ့ ၂၀၀၇ ခုနှစ်၊ ဧပြီလ (၂၀) ရက်၊ သောကြာနေ့ ရန်ကုန်မြို့၊ အာဇာနည်လမ်း၊ သာမဏေဗိမာန်တော်မှာ (၂၅) ကြိမ်မြောက် "ဗုဒ္ဓဒေသနာသင်တန်း" ဆက်လက်ပြီး ပို့ချပါမယ်။

ကျွန်တော်တို့ အခုလေ့လာနေတဲ့အကြောင်းအရာက အရင်အပတ်တုံးက လေ့လာခဲ့တဲ့ အကြောင်းအရာတွေထဲမှာ . . . ကျွန်တော်တို့ရဲ့ "စိတ်" ကို ပါဠိလို "နာမ်ခန္ဓာ" လို့ ခေါ်ပါတယ်။ "ရုပ်ခန္ဓာ" ကိုတော့ "ရူပက္ခန္ဓာ" လို့ခေါ်ပါတယ်။

"ရုပက္ခန္ဓာ" နဲ့ "နာမက္ခန္ဓာ" (၂) ပါးတို့ဟာ အလုပ်ကိစ္စအမျိုးမျိုးကိုလုပ်ကြပါတယ်။ အဲဒီလို အလုပ်တွေလုပ်တဲ့သဘောကို ကျွန်တော်တို့လေ့လာခဲ့ပါတယ်။ သတိရအောင် နည်းနည်းထပ်ပြီးတော့ . . . ပြောပါအုံးမယ်။ ကျွန်တော်တို့ ခန္ဓာကိုယ်မှာ ရှိနေတဲ့ "ရုပ်တရား" တွေထဲမှာ . . . "အကြည်ရုပ်" လို့ခေါ်ရတဲ့ "ပသာဒရုပ်" တွေရှိပါတယ်။ အဲဒါတွေဟာ "SENSORY RECEPTOR" လို့ခေါ်တဲ့ "ရုပ်တရား" ပဲဖြစ်ပါတယ်။

အဲဒီမှာ . . . မျက်စိဟာလည်း "စက္ခုပသာဒ" လို့ခေါ်တဲ့ "အကြည်ရုပ်" တစ်မျိုးဖြစ်ပါတယ်။ "သောတပသာဒ" လို့ခေါ်တဲ့ "နားအကြည်ရုပ်" တစ်မျိုး။ "ကာယပသာဒ" ခေါ်တဲ့ "ကိုယ်အကြည်ရုပ်" တစ်မျိုး။ "ဇိဝှါပသာဒ" . . . ခေါ်တဲ "လျှာအကြည်" ရုပ်တစ်မျိုး။ "ဃာနပသာဒ" . . . ခေါ်တဲ့ "နှာခေါင်းအကြည်ရုပ်" တစ်မျိုး ဆိုပြီး အကြည်ရုပ် ငါးမျိုးရှိပါတယ်။

အဲဒီ "အကြည်ရုပ်" တွေဟာ . . . အပြင်ကလာရောက်ရိုက်ခတ်တဲ့ အာရုံတွေနဲ့ . . . တွေ့ဆုံကြပါတယ်။ ကျွန်တော်တို့မှာ ရှိတာက "အကြည်ရုပ်ငါးမျိုး" ပါ။ အပြင်ကလာပြီး တိုက်ခတ်တဲ့ "အာရုံ" လို့ခေါ်ရတဲ့ "စွမ်းအား" ကလည်း "ငါးမျိုး" ပဲဖြစ်ပါတယ်။

ဒီတော့ . . . "အာရုံ" နဲ့ "အကြည်ရုပ်များ" တိုက်ခတ်သောအချိန်တွင် . . . သူ့နေရာမှာ သူ့ "သိစိတ်" တစ်မျိုးစီ ဖြစ်ကြရပါတယ်။

“မျက်စိ” မှာက “မြင်စိတ်” ဖြစ်ပါတယ်။ “နား” မှာက “ကြားစိတ်” ဖြစ်ပါတယ်။ အဲဒီလို “စိတ်” တွေဖြစ်ပေါ်လာပါတယ်။ ဖြစ်ပေါ်လာတဲ့ “စိတ်” တွေဆိုတာဟာ . . . “မြင်ကိစ္စကိုဆောင်ရွက်တဲ့စိတ်”၊ “ကြားကိစ္စ” ကိုဆောင်ရွက်တဲ့စိတ်၊ “အတွေ့ကိစ္စ” ကို ဆောင်ရွက်တဲ့စိတ်၊ “အနံ့ကိစ္စကိုဆောင်ရွက်တဲ့စိတ်၊ “အရသာကိစ္စ” ကိုဆောင်ရွက်တဲ့စိတ် . . . ဒီစိတ်ငါးမျိုးအလုပ်လုပ်နေကြပါတယ်။ ဒီအလုပ်တွေရဲ့သဘောကို သိအောင်စဉ်းစားဆင်ခြင်ဖို့လိုပါတယ်။ အဲဒီမှာ . . . လုပ်ငန်းသဘောအားဖြင့် “နာမ်ခန္ဓာ” ခေါ်တဲ့ “စိတ်အဖွဲ့” ကြီးဟာ . . . သူ့လုပ်ငန်းနဲ့ သူ့အပိုင်းကဏ္ဍ တဆင့်ပြီးတဆင့် လုပ်ကြရပါတယ်။ အဲဒီလို လုပ်နေတဲ့ သဘောထဲမှာ . . . ပထမဦးဆုံးအဆင့်က . . . “အာရုံ” ကို ရရှိပြီးတော့ “အာရုံ” ကို သိသောစိတ် . . . သိသော “ကိစ္စ” . . . ကိုဆောင်ရွက်ပါတယ်။ အဲဒီသဘောတွေကို သေသေချာချာ နှလုံးသွင်းပါ။ သိတဲ့ “စိတ်” တစ်ခုဖြစ်လာဖို့ . . . ဆိုရမှာ . . . “အကြည်ရုပ်” ကလည်းကောင်းမှ “အာရုံ” ကလည်း ရိုက်ခတ်မှ . . . အာရုံနဲ့ အကြည်ရုပ်နဲ့ ထိတဲ့အခါ . . . သက်ဆိုင်ရာ “စိတ်လေးတစ်မျိုး” ဖြစ်လာပါတယ်။

အဲဒီလို ဖြစ်ပေါ်လာတဲ့ “စိတ်” ဟာ . . . ဒီဒေသနာမှာပါတဲ့ စကားအတိုင်း ပြောရရင် . . . အကျိုးတရားအဖြစ်နဲ့ ပေါ်ပေါက်လာသောစိတ်လို့ ပြောရပါမယ်။ အကျိုးအဖြစ်နဲ့ ပေါ်လာတာကို ပါဠိလို “ဝိပါက” လို့ပြောပါတယ်။

“ဝိပါက” ဆိုတဲ့ “သဘာဝစက်” လည်ပါတယ်။ စက်လည်တာကို ပါဠိလို . . . “ဝဋ္ဋ” လို့ ခေါ်ပါတယ်။

“ဝိပါကဝဋ္ဋ” ဆိုတဲ့စက်ဟာ ပထမအဆင့်လည်ပတ်ပါတယ်။ ဒီလိုလည်ပတ်ပြီး အလုပ်လုပ်တာက . . . “မျက်စိ” က “မြင်ကိစ္စ”၊ “နား” က “ကြားကိစ္စ”၊ “နှာခေါင်း” က “အနံ့ကိစ္စ”၊ “လျှာ” က “အရသာကိစ္စ”၊ “ကိုယ်” က “အတွေ့ကိစ္စ” တွေလုပ်ပါတယ်။ ဒီလို လုပ်ပြီးတော့ . . . သူတို့က ထောက်ပံ့ပေးပါတယ်။ အဲဒီလို ထောက်ပံ့ပေးတဲ့ အခါမှာ . . .



သိကြပါရဲ့လား . . .

အခုလို အသက်ရှင်နေတဲ့ဘဝမှာ . . . ရှေ့ကိုလည်း . . . မသေမချင်း အလုပ်တွေ လုပ်နေရပါမယ်။ လုပ်တဲ့အလုပ်တွေမှာ . . . ဒီပညာမျိုးကို ရထားရင် . . . စိတ်၏သဘော ကိုလည်း သိမယ်။ စိတ်၏အလုပ်ကိုလည်းသိပါမယ်။ ရုပ်ခန္ဓာ၏သဘောလည်းသိမယ်။ ရုပ်ခန္ဓာ၏အလုပ်လည်းသိမယ်။ ဒီပညာမျိုးကိုအသုံးပြုပြီး . . . ဘဝခရီးကိုလျှောက်ရင် . . . သက်သက်သာသာနဲ့ အကျိုးရှိသောအလုပ်များကို လုပ်နိုင်ပါမယ်။

ဒါကြောင့်မို့လို့ ဒီပညာများကို သင်နေရပါတယ်။ ဒီပညာတွေကို “သမ္မာသမ္ဗုဒ္ဓ” ကသင် ပေးခဲ့တာဖြစ်ပါတယ်။ ရည်စူးဦးတည်ချက်က . . . “စိတ်အကြောင်း”၊ “ရုပ်အကြောင်း” ကိုသိမှ “ဘဝအကြောင်း” ကို ပါမယ်။ “ဘဝအကြောင်း” ကို အဟုတ်နားလည်မှ “ဘဝအဆက်ဆက် သံသရာအကြောင်းကို” နားလည်မှာ . . .

သံသရာအကြောင်းကိုနားလည်မှ “သံသာရဝဋ္ဋ”ဆိုတဲ့ သံသရာလည်ခြင်း အဓိပ္ပာယ် ကိုသိလာမှာဖြစ်ပါတယ်။

သံသရာလည်နေခြင်းကြောင့် ဖြစ်ပေါ်လာသောကောင်းကျိုးတွေ၊ ဆိုးကျိုးတွေ . . . မှာ ဘယ်ကများသလဲဆိုတာကို ပိုင်းခြားတတ်၊ ဝေဖန်တတ်၊ စဉ်းစားတတ်ပါမယ်။ ဒါမှသာ ဘဝအဓိပ္ပာယ်နဲ့သံသရာ၏အဓိပ္ပာယ်ကိုသိပါမယ်။

ဘဝအဓိပ္ပာယ်နဲ့သံသရာအဓိပ္ပာယ်ကိုသိမှ အမြင့်ဆုံးဖြစ်သော ဒီဘဝဝဋ်မှလွတ်ကင်း ရာဖြစ်သော “နိဗ္ဗာန်” ကို တက်လှမ်းနိုင်ပါမယ်။ အခုသင်ကြားနေတဲ့ ပညာတွေဟာ “နိဗ္ဗာန်” ထိအောင်တက်လှမ်းနိုင်ဖို့အတွက် ဖြစ်ပါတယ်။ ဒါကြောင့် ရုပ်အကြောင်း၊ နာမ်အကြောင်း တွေကို သင်နေရပါတယ်။

အခုမိမိတို့သင်ယူနေရသောပညာဟာ . . . “သမ္မာသမ္ဗုဒ္ဓ”က လူတွေနားလည်နိုင်ရုံ

ဒီကိစ္စလေးတွေကို အခြေခံသဘောသင်ထားပြီးတော့ . . . ဒီအကြောင်းအရာတွေကို သေသေချာချာစဉ်းစားရပါမယ်။ ဘာကိုစဉ်းစားရမှာလဲ . . .

မြင်ပြီးရင် . . . (မြင်ကိစ္စပြီးရင်) . . . အဓိပ္ပာယ်ဖော်ရတယ်ဆိုတာ . . . ဟုတ်သလား . . . မဟုတ်ဘူးလား. . .။ အဓိပ္ပာယ်ပေါ်မှ . . . အလုပ်လုပ်လို့ဖြစ်တယ်ဆိုတာ ဟုတ်သလား. . . မဟုတ်ဘူးလား . . . ဆိုတာတွေကို "ကိုယ်ပိုင်ဉာဏ်" နဲ့စဉ်းစားရပါမယ်။

စဉ်းစားမပါမှ . . . "စိတ်၏သဘောဝတရား" . . . "စိတ်အလုပ်လုပ်နေပုံ" သဘောများကို သိနိုင်မှာပါ။ ဒီဟာလေးတွေကို သေသေချာချာမှတ်သွားကြပါ။ မှတ်ပြီးရင်လည်း . . . အဓိပ္ပာယ်ရှိသည် . . . မရှိသည် . . . ကို စဉ်းစားကြပါ။ စဉ်းစားတဲ့အလုပ်ဟာ "စိန္တာမယပညာ" ဖြစ်ပါတယ်။

အခုသင်ယူနေတာမှာ . . . ပါးစပ်နဲ့ပြောတာကိုကြားတယ်။ ကြားတာဟာ . . . "သုတမယပညာ" ဖြစ်ပါတယ်။ ရေးပြတာတွေကိုမြင်ပါတယ်။ မြင်တာဟာ "ဒိဋ္ဌမယပညာ" ဖြစ်ပါတယ်။ "သုတမယပညာ" နဲ့ "ဒိဋ္ဌမယပညာ" ဆိုတဲ့အကြားအမြင် (၂)ပါးနဲ့ တည်ဆောက်ထားတာကိုတော့ "ဗဟုသုတပညာ" လို့ခေါ်ပါတယ်။

အခုရတဲ့ "ဗဟုသုတ" ကို ဒီအတိုင်းထားဘို့မဟုတ်ပါဘူး။ ကိုယ်ပိုင်ဉာဏ်နဲ့ . . . အခုပြောတဲ့အဓိပ္ပာယ်တွေ "ဟုတ်၏" "မဟုတ်၏" ဆိုတာ စဉ်းစားကြပါ။

စဉ်းစားပါ . . . (ကိုယ်ပိုင်ဉာဏ်နဲ့) စဉ်းစားမှ အဓိပ္ပာယ်ပေါ်မယ် . . . အဓိပ္ပာယ်ပေါ်မှ "သဘာဝတရား" ကို သိမယ်။ "သဘာဝတရား" ဆိုတာဟာ . . . "စိတ်" ရဲ့သဘာဝတရားကိုပြောနေတာဖြစ်ပါတယ်။ စိတ်အလုပ်လုပ်နေပုံကို သင်ပေးနေတာဖြစ်ပါတယ်။

အဆင့်မြင့်သော . . . ဓမ္မသဘာဝများ၊ အဆင့်မြင့်သော . . . နာမ်ခန္ဓာ၏အကြောင်း. . .၊ အဆင့်မြင့်သော ရုပ်ခန္ဓာ၏အကြောင်း . . . များကို သင်ပေးနေတာဖြစ်ပါတယ်။ ဒီပညာတွေဟာ . . . ဘယ်အထိအောင် . . . အကျိုးပေးမယ်ဆိုတာကို



"စိတ်" ဆိုတဲ့ "သဘာဝတရား" ပေါ်လာပါတယ်။ အဲဒီမှာ သေသေချာချာစဉ်းစားရပါမယ်။ မျက်စိအကြောင်းကိုစဉ်းစားရင် "မျက်စိ" ဟာ ရုပ်တရားပါ။ သို့သော် အဲဒီရုပ်တရားဟာ သာမန်ရုပ်တရားများနဲ့ မတူပါဘူး။ သူ့ကို နာမည်အထူးပေးထားပါတယ်။

"မျက်စိ အကြည်ရုပ်" လို့ခေါ်ပါတယ်။ အကြည်ရုပ်ဆိုတဲ့ စကားကို လွယ်လွယ်တတ်ပေးပေမယ်လို့ သူ့ရဲ့အလုပ်က အလွန်သိမ်မွေ့ပါတယ်။ "အဆင်းအာရုံ" ကို မြင်စိတ်ဖြစ်အောင် . . . ထောက်ပံ့ပေးနိုင်တဲ့အတွက် မျက်စိဟာ အစွမ်းထက်ပါတယ်။ ဒီမျက်စိအကြည်ရုပ်က "အဆင်းအာရုံ" ကို "မြင်စိတ်" ဖြစ်အောင် ထောက်ပံ့ပေးနိုင်သော အစွမ်းရှိပါတယ်။

အခုပြောတဲ့အတိုင်းပဲ . . . အသံဆိုတဲ့ သဒ္ဒရုပ်ကို "ကြားသိစိတ်ဖြစ်အောင်" နားမှာရှိတဲ့ "သောတပသာဒ" က အထောက်အကူပြုပါတယ်။ ဒီတော့ . . . "သောတပသာဒ" ဟာလည်း ရုပ်တရားပဲဖြစ်ပါတယ်။

"နား" အကြည်ရုပ်ကလည်း ရုပ်တရား၊ "အသံ" ကလည်း ရုပ်တရား၊ "ရုပ်စွမ်းအား" များ ပူးပေါင်းပြီးဆောင်ရွက်တော့မှ . . . အဲဒီ အသံကို သိသောစိတ် . . .၊ အဆင်းကို သိသောစိတ် . . . တို့ဖြစ်လာကြပါတယ်။

အဲဒီမှာ "စိတ်" ဆိုတဲ့ သဘာဝလေးဟာ . . . "ဝိပါကဝိညာဉ်" ပဲဖြစ်ပါတယ်။ သူဟာအကျိုးဝိညာဉ်အဖြစ်ထွက်ပေါ်ရခြင်းပါ။ ဒီ "ဝိပါကဝိညာဉ်" လေးက . . . မျက်စိမှာဖြစ်ရင် စက္ခုဝိညာဉ် (မြင်စိတ်)၊ နားမှာ ဖြစ်ရင် သောတဝိညာဉ် (ကြားစိတ်) လို့ ပြောပါတယ်။ အဲဒီလို မြင်စိတ်၊ ကြားစိတ် တို့ဖြစ်နေကြတာလည်း . . . အမှန်ပါပဲ။ အဲဒီမှာ သေသေချာချာ နှလုံးသွင်းရ ဆင်ခြင်ရမယ့်အချက်ရှိပါတယ်။ "စိတ်" ကို "နာမ်ဓာတ်" လို့ နာမည်ပေးပါတယ်။ "မျက်စိ" နဲ့ "အဆင်း" က "ရုပ်ဓာတ်" ဖြစ်ပါတယ်။ "အသံ" နဲ့ "နား" က "ရုပ်ဓာတ်" ဖြစ်ပါတယ်။ ဒီ "မြင်စိတ်" က မြင်တာလေးကို သိအောင်လုပ်၊ "ကြားစိတ်" က ကြားတာလေးကို သိအောင်လုပ်ကြပါတယ်။ အဲဒီမှာ . . . နောက်တစ်ဆင့်တက်ပြီးပြောရမယ့်အကြောင်းက

ရှိပါသေးတယ်။ “မြင်စိတ်” ဖြစ်ပြီဆိုရင် . . . ဒီ “မြင်စိတ်” က ဝင်လာတဲ့ “အရိပ်ပုံလေးကို ဖမ်းပေးပါတယ်။ အဲဒီ ဖမ်းပေးတဲ့ အထဲမှာ . . . “အရိပ်ပုံ” လေးကို “မြင်စိတ်” ထဲမှာပါတဲ့ “နာမ်ဓာတ်” က ဘယ်လိုပြန်ပြီး ပြောပါသလဲ . . . ဆိုရင် . . . အခုမြင်နေပါတယ်၊ မြင်တဲ့ အထဲမှာ . . . မြင်တဲ့ပုဂ္ဂိုလ်၊ မြင်တဲ့အရုပ်ကား၊ အဲဒီအရုပ်ကားတွေမှာ “အရောင်အဆင်း” ဆိုတာကတော့ ပါတာပါပဲ။ ဒီတော့ . . . “မြင်စိတ်” ထဲမှာ “အရောင်အဆင်း” ပါတယ်။ မြင်တဲ့အရောင်အဆင်းကို သိအောင်လုပ်ပေးပါတယ်။ “ပုံပန်းသဏ္ဌာန်” ကိုလည်း သိအောင် လုပ်ပေးပါတယ်။ အဲဒီ . . . အရောင်အဆင်းနဲ့ ပုံပန်းသဏ္ဌာန်ကို “မြင်စိတ်” ကလုပ်ပေးပါတယ်။ နောက်တစ်ဆင့်လုပ်ပေးတာက . . . “အလုံးအထည်” ကိုယ်လုံးကိုယ်ထည် “ထုထည်” ကိုလည်း သိအောင်လုပ်ပေးပါတယ်။ အရောင်အဆင်း၊ ပုံပန်းသဏ္ဌာန်၊ ထုထည် . . . ဆိုတဲ့ (၃) မျိုးကိုလုပ်ပေးပါတယ်။ “ဒီမြင်စိတ်” ကလေးက . . . သူ့ကိစ္စသူလုပ်ပါတယ်။ အရောင်အဆင်းကိုပေးတယ် . . .၊ ပုံပန်းသဏ္ဌာန်ကိုပေးတယ် . . .၊ အလုံးအထည် (ထုထည်) ကိုပေးပါတယ်။ ဒါပေမယ့် မြင်တဲ့အာရုံထဲမှာ ဒီဟာတွေအကုန်လုံးပါတာ မဟုတ်ဘူး။ “အဆင်း” နဲ့ “သဏ္ဌာန်” ပဲပါတာများပါတယ်။ ဟောဒီ . . . “မြင်စိတ်” ကလေးက . . . မြင်တာလေးကို ပုံဖော်ပေးလိုက်ပါတယ်။ အခု ဝှိုက်ဘုတ် (WHITE BOARD) ပေါ်မှာ ဒီလို ရေးပြပါမယ် “ < ” မြင်ကြတယ်မဟုတ်ပါလား . . . ဒါဟာ ဘာအဓိပ္ပါယ်ပါလဲ. . . ဘာအဓိပ္ပါယ်မှန်းမသိပါဘူး၊ မြင်တော့မြင်တာပဲ ရှိနေပါတယ်။ ဒီပုံက အချွန်လေး ဖြစ်နေတာကို မြင်ကြပါတယ်။ ဒီပုံဟာ ဘာရယ်လို့ သိပါသလား . . . အဲဒီတော့ မြင်ကိစ္စက “သူ့ရဲ့” လုပ်ငန်း သဘောအဖြစ်နဲ့ အဖြူ အမဲ ကွဲပြားအောင်ပြောတယ်၊ ပုံသဏ္ဌာန်ကို ပြောတယ်။ အဲဒါဆိုရင် “မြင်ကိစ္စ” ပြီးသွားကြပါတယ်။ ဒီပုံသဏ္ဌာန်ရဲ့ အဓိပ္ပါယ်ဟာ . . . ဘာလဲဆိုတာကို သိအောင် လုပ်ဖို့ . . . တစ်ဆင့်ကျန်နေပါသေးတယ်။



အဲဒီ . . . မြင်တာ . . . ကြားတာကို . . . အဓိပ္ပာယ်ဖော်တဲ့စက်ကတစ်ခု . . .

အဓိပ္ပာယ်သိပြီဆိုတော့မှ အလုပ်လုပ်တဲ့စက်က . . . တစ်ခု . . . အသီးသီးအလုပ် လုပ်ရပါတယ်။

အဲဒီလို “ကိစ္စ-သုံးခု” ဟာ တစ်ဆင့်ပြီးတစ်ဆင့်တက်ပြီး . . . အလုပ်လုပ်နေတာကို သဘောပေါက်မှသာလျှင် “စိတ်” အကြောင်းကို ပြည့်ပြည့်စုံစုံ နားလည်နိုင်ပါတယ်။

ဒါတွေဟာ . . . ဒီလို . . . နားလည်ဖို့အတွက် အခြေခံပညာပဲဖြစ်ပါတယ်။ စိတ်၏ လုပ်ငန်းသဘောကိုလေ့လာသောအခြေခံပညာ . . . ဖြစ်ပါတယ်။

ဒီပညာမျိုး . . . အခြားမှာသင်လို့ မရနိုင်ပါဘူး။ ဒါဟာ . . . ဘုရားရှင်ရဲ့ဒေသနာမှာ သာပါ ရှိပါတယ်။ ဒီပညာတွေဟာ . . . ဒေသနာမှာပါတာတော့ အမှန်ပါပဲ. . . ပါသော် ငြားလည်း . . . ဒီဒေသနာပါသဘာဝများကို . . . လူတွေနားလည်အောင် သင်မပေးရင် . . . ဒေသနာပါ သဘာဝတရားကို . . . နားလည်မှာမဟုတ်ပါဘူး။

အခုသင်ပေးနေတာဟာ . . . “ဒေသနာပါသဘာဝတရား” ကို နားလည်ဖို့အတွက် . . . သင်ပေးနေတာဖြစ်ပါတယ်။ မိမိကိုယ်တိုင် ဘဝခရီးကိုလျှောက်ခဲ့ရာမှာ . . . မိမိမှာရှိ နေတဲ့အသိပညာ၊ အတတ်ပညာဆိုတဲ့ အစွမ်းတွေဟာ . . . (အတွင်းစိတ်) ၏အဓိပ္ပာယ် ဖော်တဲ့ကိစ္စမှာ . . . အကူအညီပေးပါတယ်။

မှတ်ခဲ့တဲ့ . . . “သညာ”ကပဲ အကူအညီပေးပါတယ်။ ပြီးတော့ . . . “ပညာ”နဲ့လည်း အကူအညီပေးပါတယ်။ အခုတော့ . . . “သညာ”ဟာ ဘယ်လောက်အဖိုးတန်တယ်ဆိုတာ . . . သိနေပါပြီ။

“အဆင်းရူပါရုံ” ကိုမြင်ရုံနဲ့. . . “သညာက္ခန္ဓာ”ထဲမှာမပါရင် . . . “အဓိပ္ပာယ် မဖော် နိုင်ပါဘူး” အသံကြားရုံနဲ့လည်း . . . “သညာက္ခန္ဓာ” မှာ မပါရင်. . . အဓိပ္ပာယ်မဖော်နိုင်ပါ ဘူး။ အဓိပ္ပာယ်မဖော်နိုင်ရင် . . . ဆက်ပြီး ဘာလုပ်ရမယ်ဆိုတာ မသိနိုင်ပါဘူး။ အဓိပ္ပာယ်ပေါ် လာမှ . . . ဘာလုပ်ရမယ်ဆိုတာကို . . . သိနိုင်ပါတယ်။

ဝိပါကဝင်္ကက . . . မြင်စိတ်ဖြစ်အောင်၊ ကြားစိတ်ဖြစ်အောင်၊ အနံ့စိတ်ဖြစ်အောင်၊ အရသာစိတ်ဖြစ်အောင်၊ အတွေ့စိတ်ဖြစ်အောင် . . . လုပ်ပေးနေပါတယ်။ သူတို့ဟာ အပြင်အာရုံများနဲ့တွဲပြီး အလုပ်လုပ်ကြရလို့ . . . ဒီစိတ် (၅)မျိုးကို အပြင်စိတ်လို့ခေါ်ရပါတယ်။

အကြမ်းဖျင်းအားဖြင့် ငါးမျိုးဖြစ်ပါတယ်။ မြင်ကိစ္စ အလုပ်လုပ်တဲ့စိတ်၊ ကြားကိစ္စ အလုပ်လုပ်တဲ့စိတ်၊ အနံ့ကိစ္စ အလုပ်လုပ်တဲ့စိတ်၊ အရသာကိစ္စ အလုပ်လုပ်တဲ့စိတ်၊ အတွေ့ကိစ္စ အလုပ်လုပ်တဲ့စိတ် . . . များဟာ အပြင်စိတ်အဖြစ်အလုပ်လုပ်ကြပါတယ်။ သူတို့ အလုပ်လုပ်ပြီးရင် . . . နောက်ကလိုက်လာတဲ့ "စိတ်" ရှိပါသေးတယ်။ အဲဒီစိတ်ကို . . . "နောက်လိုက်အတွင်းစိတ်" လို့ခေါ်ပါတယ်။

အဲဒီစိတ်တွေက . . . "မြင်စိတ်" . . . "ကြားစိတ်" . . . တွေရဲ့နောက်က . . . လိုက်လာရပါတယ်။ အဲဒီနောက်လိုက်အတွင်းစိတ်က . . . "အဓိပ္ပာယ်ဖော်ပေး" ရပါတယ်။

အဓိပ္ပာယ်ကို ဘယ်လိုဖော်ပေးနိုင်တာလဲဆိုရင် . . . "မှတ်ထားတဲ့ သညာက္ခန္ဓာ" အဖွဲ့က . . . ကူညီပေးလို့ အဓိပ္ပာယ်ဖော်နိုင်ရခြင်း ဖြစ်ပါတယ်။

အဲဒီလိုအဓိပ္ပာယ်ဖော်ပြီးဆိုတော့မှ အလုပ်ဘာလုပ်ရမယ်ဆိုတာကို သိပါမယ်။

အခုဖော်ပေးနေတဲ့အဓိပ္ပာယ်က . . . "တစ်ကနေ . . . တစ်ထောင်အထိပေါင်းပါ" ဆိုတဲ့အဓိပ္ပာယ်ဖြစ်ပါတယ်။ ဒီလို "ပေါင်းပါဆိုတဲ့အဓိပ္ပာယ်" ကို ဖော်ပေးမှ "ပေါင်းတဲ့ကိစ္စ" ကို "ကမ္မဝင်္က" မှာရှိသောအတွင်းစိတ် မနောဝိညာဉ်ကလုပ်ပေးရပါတယ်။

မနောဝိညာဉ် (အတွင်းစိတ်)က တွက်ပေးမယ်ဆိုရင် . . . အတွက်ပညာကို သင်ထားဖို့ လိုပါတယ်။ သင်ယူမထားရင်တော့ မတွက်တတ်ပါဘူး။ အခုလို . . . သင်ယူနေတာဟာ . . . ဘာကိုသိဖို့လဲဆိုရင် . . . စိတ်ဟာ အလုပ်လုပ်ရတယ်. . . အလုပ်လုပ်တဲ့အခါ "သုံးဆင့်" လုပ်ရတယ်။ အလုပ်လုပ်ပုံက . . . မြင်ကိစ္စ . . . ကြားကိစ္စ . . . အနံ့ကိစ္စ . . . အရသာကိစ္စ . . . အတွေ့ကိစ္စ . . . တို့ကို လုပ်ပေးနေတဲ့စက်ကတစ်ခု . . .



အဲဒီလို "အဓိပ္ပါယ် ဖော်တဲ့ကိစ္စ" ကို နောက်ထပ်ဖြစ်လာတဲ့ စိတ်က အဓိပ္ပါယ် ဖော်ပေးမှသိတာပါ။ အဲဒီလို အဓိပ္ပါယ်ဖော်တဲ့ "စိတ်" အလုပ်လုပ်တာကို "ကိလေသဝင်္က" လို့ခေါ်ပါတယ်။

မြင်စိတ်ဟာ . . . " < " ဒီပုံလေးကို အမှတ်အသားတစ်ခုမှန်းတော့ သိပါတယ်။ သူ့မှာ ဘာအဓိပ္ပါယ်ရှိတယ်လို့တော့ မသိပါဘူး။ အဲဒီတော့ . . . သေသေချာချာ သဘောပေါက်စေချင်တာက . . . "မြင်စိတ်" ဆိုတာဟာ . . . ဒါလေး " < " ကို မြင်အောင်လုပ်ပေးတာ သူ့ရဲ့အလုပ်ပဲဖြစ်ပါတယ်။ မြင်ပြီးတော့ . . . ဘာအဓိပ္ပါယ်ရှိပါတယ်လို့ ပြောရမယ့် အလုပ်က နောက်ဖြစ်လာမယ့် စိတ်ရဲ့အလုပ်ပါ။ အဲဒီလို အလုပ်လုပ်တဲ့ နောက်စိတ်ကို . . . "ကိလေသဝင်္က" လို့ခေါ်ပါတယ်။ ဒီစိတ်က အဓိပ္ပာယ်သိအောင်လုပ်ပေးပါတယ်။

အခုနောက်ထပ်တစ်ခု ရေးပြပါအုံးမယ် . . . ဒီစာလုံး "၁၀" ကို မြင်ပါတယ် မဟုတ်လား။ ဒါကျတော့ . . . မြင်ရုံတင်မကပါဘူး၊ အသံလည်းထွက်တတ်ပါတယ်။ အရေအတွက် ဘယ်လောက်ရှိတယ် ဆိုတာလည်း ပြောတတ်လာပါတယ်။

ဒီအဆင်းရူပါရုံ " < " နဲ့ ဒီအဆင်း ရူပါရုံ "၁၀" . . . (၂) ခုတို့ဟာ အဆင်းရူပါရုံများဖြစ်ပေမယ်လို့ . . . ဒီအဆင်း ရူပါရုံ "၁၀" ကျတော့ . . . မြင်ရုံနဲ့ . . . သူ့ရဲ့အဓိပ္ပာယ် ကိုသိသွားပါတယ်။ ဒီဟာ " < " ကျတော့ . . . အဓိပ္ပာယ်မသိပါဘူး ဒီဟာ "၁၀" ကျတော့ ဘာဖြစ်လို့ အဓိပ္ပာယ်သိလာရပါသလဲ . . . စဉ်းစားရပါမယ်။

အဓိပ္ပါယ်သိတာနဲ့ အဓိပ္ပါယ်မသိတာ (၂) ခုတော့ ယှဉ်လို့ရပါပြီ။ ဒီဟာ " < " ကိုလည်း မြင်စိတ်ကလုပ်ပေးတယ်။ ဒီဟာ "၁၀" ကိုလည်းမြင်စိတ်က လုပ်ပေးတယ်။ ဒီဟာ "၁၀" ကျတော့ . . . အသံလည်းထွက်တတ်တယ်၊ သူ့ရဲ့အဓိပ္ပါယ်ကိုလည်း သိလာတယ်။ ပြောလည်းပြောတတ်ပါတယ်။ အဲဒီအလုပ်ကို ဘယ်သူကလုပ်ပေးတာလဲ . . . နောက်က လိုက်လာတဲ့ "စိတ်" ကို "အတွင်းစိတ်" သို့မဟုတ် "မနောဝိညာဉ်" လို့ခေါ်ပါတယ်။ ဒီအတွင်း

စိတ်က သူ့ကို “၁၀” . . . အဓိပ္ပာယ်ဖော်ပေးရပါတယ်။ ဒီတော့ . . . “တစ်ဆယ်” လို့ အသံထွက်တတ်တယ်။ “ဆယ်ခု” ရှိတယ်။ “ဆယ်မျိုး” ရှိတယ် . . . ဆိုတဲ့ အဓိပ္ပာယ်ကိုလည်း သိသွားပါတယ်။

ဘယ်လိုလုပ်ပြီးသိရတာပါလဲ . . . ဒီအတွင်းစိတ်က ထပ်ပြီးအလုပ်လုပ်ပေးလို့ . . . အဓိပ္ပါယ်ဖော်ပေးလို့ . . . သိလာရပါတယ်။ အဲဒီတော့ . . . ဒီအတွင်းစိတ် အလုပ်လုပ်တယ် ဆိုတာကို . . . အခုတော့ သဘောပေါက်လာပါပြီ။ “မြင်စိတ်” က “မြင်ရုံ” ပဲလုပ်ပေးပါတယ်။ ဒုတိယလိုက်လာတဲ့ “အတွင်းစိတ်” က ဘယ်လိုအသံထွက်ရမယ်ဆိုတာကိုလည်း ပြောတယ်၊ ဘယ်လောက်အရေအတွက်ရှိတယ်ဆိုတာကိုလည်း ပြောပါတယ်။ အဲဒီတော့ . . . မြင်အောင်လုပ်တာက တစ်ဆင့် . . . အဓိပ္ပာယ်ပေါ်အောင်လုပ်တာက တစ်ဆင့် . . . အဲဒီလို . . . အဆင့် (၂) ဆင့် လုပ်ပါတယ်။ ဒီပုံ “ < ” ကျတော့ . . . အဓိပ္ပါယ်မသိပါ။ ဒီပုံ “၁၀” ကျတော့ အဓိပ္ပာယ်ပေါ်လာတယ်၊ အဓိပ္ပာယ်သိလာပါတယ်။ သို့သော် . . . “မြင်စိတ်” က . . . ဒီပုံ “ < ” ကိုလည်းမြင်အောင်လုပ်ပေးပါတယ်၊ ဒီပုံ “၁၀” ကိုလည်း မြင်အောင် လုပ်ပေးတယ်။ မြင်အောင်လုပ်ပေးတဲ့ ကိစ္စက . . . “မြင်စိတ်” ရဲ့ ကိစ္စပဲဖြစ်ပါတယ်။

မြင်ထားတဲ့ အဆင်းရူပါရုံကို အတွင်းစိတ်က အဓိပ္ပာယ်ဖော်တော့ . . . သူ့ “ < ” ကိုတော့ အဓိပ္ပာယ် မဖော်နိုင်ပဲ သူ့ “၁၀” ကိုတော့ အဓိပ္ပာယ်ဖော်နိုင်နေပါတယ်။ အဓိပ္ပာယ် ဖော်ပေးလို့ . . . အဓိပ္ပာယ်သိလာပါတယ်။ သူ့မှာ “ < ” အဓိပ္ပာယ် ဘယ်လိုရှိမှန်းမသိပါ။ သူ့ “၁၀” ကိုတော့ အဓိပ္ပာယ်ရှိမှန်းသိပါတယ်။ အဲဒီအဓိပ္ပာယ်ဖော်တဲ့အလုပ်ကို . . . မြင်စိတ် ရဲ့နောက်မှဖြစ်လာတဲ့ အတွင်းစိတ်ခေါ်တဲ့ “မနောဝိညာဉ်” က အဓိပ္ပာယ်ဖော်တဲ့အလုပ်ကို လုပ်ပေးရပါတယ်။ ဒီလိုအလုပ်လုပ်တဲ့စက်ကို “ကိလေသဝဋ္ဋ” လို့ ခေါ်ပါတယ်။

မြင်အောင်လုပ်ပေးတဲ့စက်ကို “ဝိပါကဝဋ္ဋ” လို့ခေါ်ပါတယ်။ အခု . . . စက် (၂)ခုအလုပ် လုပ်တဲ့သဘောကို ကွဲပြားအောင် . . . စဉ်းစားဖို့လိုပါတယ်။ ဟောဒီ ရူပါရုံ



ရပါတယ်။ အဓိပ္ပာယ်ဖော်လို့ . . . “သိ”သွားတော့လည်း . . . “တစ်ကနေ . . . တစ်ထောင် အထိ” ပေါင်းစမ်းပါအုံးဆိုပြန်တော့ . . . လုပ်ဖို့မလွယ်ပဲ . . . ဖြစ်ရပါတယ် . . . ။

သို့သော် . . . နည်းပညာလိုနေပါသေးတယ် . . . အဲဒီနည်းပညာကို တတ်ထားရင် . . . တွက်လိုက်တာနဲ့ . . . ချက်ချင်းအဖြေထွက်လာပါတယ်။ အဲဒီလို . . . တွက်တဲ့နည်း ပညာကို သင်ယူထားခဲ့လို့ပါ။ သင်ယူတဲ့အခါမှာ . . . “သညာနဲ့မှတ်ထား” ခဲ့ရပါတယ်။ အဲဒီ “သညာ”ရဲ့ အကူအညီနဲ့ပဲ တွက်ကိန်းတွေထုတ်ပေးရပါတယ်။

အဲဒီလို အလုပ်လုပ်တဲ့စက်ကို “ကမ္မဝဋ္ဋ” လို့ခေါ်ပါတယ်။ အဓိပ္ပာယ်ဖော်တဲ့စက်ကို တော့ . . . “ကိလေသဝဋ္ဋ” လို့ပြောပါတယ်။ မြင်အောင်လုပ်ပေးနေတာကတော့ . . . “ဝိပါကဝဋ္ဋ” ဖြစ်ပါတယ်။ ဒါတွေဟာ . . . “ဝဋ္ဋသုံးပါးလည်”ခြင်းဖြစ်ပါတယ်။ စက်သုံးခုလည်ပြီးတော့ အဟုတ်အလုပ်လုပ်မှ “ကိစ္စတစ်ခု” ပြီးမြောက်ပါတယ်။

ဒီပညာကို . . . ဒီလိုမှသင်မပေးရင် . . . “စိတ်အလုပ်လုပ်ပုံ” အကြောင်းကို ပိုင်းပိုင်း ခြားခြား . . . မသိနိုင်ပါဘူး။ ဒီအခြေခံကို သိပြီးမှသာ . . . “စိတ်” ဘယ်လိုလုပ်တယ်ဆိုတာ ကို တစ်ဆင့်ပြီးတစ်ဆင့် လေ့လာရပါမယ်။

အခုဟာက . . . စိတ်ဆိုသော “စိတ်”ဟာ. . . ဒီအခြေခံသုံးဆင့်နှင့် အလုပ်လုပ်နေ ပါတယ်ဆိုတာကိုသိဖို့အတွက် . . . ဒီပညာများကို သင်ယူနေရခြင်းဖြစ်ပါတယ်။ အဲဒီ “သုံးဆင့်”ပေါ်မှာ အခြေခံပြုပြီးမှ . . . နောက် . . . နောက်သင်စရာအကြောင်းအရာတွေကို သင်ယူလို့ . . . ရပါမယ်။

ဒီတော့ . . . “ဝဋ္ဋသုံးပါး”ဆိုတာကိုတော့ “ရွတ်” တတ်လာပါပြီ။ “ဝိပါကဝဋ္ဋ”၊ “ကိလေသဝဋ္ဋ”၊ “ကမ္မဝဋ္ဋ” ဆိုတဲ့ အဲဒီဝဋ္ဋသုံးပါး . . . တစ်ခုနဲ့တစ်ခု အလုပ်လုပ်ပုံချင်းက . . . မတူကြပါဘူး။

စိတ်ဟာ . . . မြင်တယ်ဆိုရုံနဲ့မပြီးပါဘူး။ မြင်တာကို . . . ဘာအဓိပ္ပာယ်လဲလို့ ပြောခိုင်းပါတယ်။ အဓိပ္ပာယ်ပြောပြီးတော့မှ အဲဒီအဓိပ္ပာယ်အတိုင်း ထပ်ပြီးအလုပ်လုပ်ရပါတယ်။ အဲဒီလိုအဆင့်သုံးဆင့်လုပ်မှ စိတ်၏အလုပ်တစ်ခုက . . . ပြည့်စုံပါတယ်။

အဲဒီသဘောတွေကိုသိဖို့အတွက် ဒီပညာများကို သင်ယူနေရခြင်းဖြစ်ပါတယ်။ စိတ်က မြင်တာနဲ့တစ်ခါတည်း . . . မသိပါဘူး။ မြင်ပြီးတာနဲ့အဓိပ္ပာယ်ဖော်ရပါတယ်။ ပြီးတော့မှ . . . တွက်ခိုင်းပါတယ်။ ဘာကြောင့်သင်ယူနေရတာလဲဆိုရင် . . . “စိတ်” ဟာ ဒီသဘာဝ လုပ်ငန်းသုံးဆင့်ကို အမြဲတန်းလုပ်နေရပါတယ်။ အလုပ်လုပ်ရာမှာ . . . စက်သဘော ကွန်ပျူတာ (Computer) သဘောနဲ့လှည့်ပေးနေရပါတယ်။ ဒီလိုလှည့်ပေးနေတာကို “ဝဋ္ဋ” လို့ ခေါ်ပါတယ်။

မြင်ကိစ္စ၊ ကြားကိစ္စကို လုပ်ပေးနေသော . . . ဝဋ္ဋကို . . . “ဝိပါကဝဋ္ဋ” လို့ခေါ်ပါတယ်။ အဓိပ္ပာယ်ဖော်တဲ့အလုပ်ကို လုပ်ပေးနေသော “ဝဋ္ဋ” ကို “ကိလေသဝဋ္ဋ” လို့ ခေါ်ပါတယ်။ အလုပ်တွေ၊ အတွက်တွေ . . . လုပ်ပေးနေသော “ဝဋ္ဋ” ကို “ကမ္မဝဋ္ဋ” လို့ ခေါ်ပါတယ်။ ဒီလို . . . အလုပ်လုပ်နေသော . . . “ဝဋ္ဋသုံးခု” ဖြစ်ပါတယ် . . . ပြန်ပြောရရင် . . . ဝိပါကဝဋ္ဋ . . . ၊ ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ . . . တို့ပဲ ဖြစ်ပါတယ်။ ဒီသုံးခု . . . အလုပ်လုပ်မှသာ ကိစ္စကပြီးမြောက်ပြည့်စုံပါတယ်။ အဲဒီလို . . . ဝဋ်သုံးပါးအလုပ်လုပ်နေတာကိုသိအောင်လို့ . . . ဒီပညာများကို သင်ယူနေရခြင်းဖြစ်ပါတယ်။ “စိတ်လုပ်ငန်း”သဘောကို သိဖို့ လိုအပ်နေပါတယ်။ ဒါကြောင့်သင်ပေးနေရခြင်း ဖြစ်ပါတယ်။

“မြင်စိတ်”ကတော့ . . . အရိပ်ပုံကိုဖမ်းပြီးတော့ ပြောလိုက်ပါတယ်။ မြင်စိတ်ရဲ့အလုပ်က. . . မြင်လာတဲ့(ထင်လာတဲ့) အရိပ်ပုံကိုဖမ်းပေးလိုက်တာပဲဖြစ်ပါတယ်။ ဒါဘာတွေလဲ ဆိုတာကို . . . ဘယ်သူက အလုပ်လုပ်ရသလဲဆိုရင် . . .

ကိလေသဝဋ်မှာရှိတဲ့ “မနောဝိညာဉ်”ခေါ်တဲ့ အတွင်းစိတ်က . . . အဓိပ္ပာယ်ဖော်ပေး



“၁၀” အဆင်းကို တော့ . . . “တစ်ဆယ်လို့အသံထွက်ပါတယ်” ဆယ်ခု . . . ဆယ်မျိုး . . . လို့လည်း သိပါတယ်။ အဲဒီလို . . . မနောဝိညာဉ်က . . . ဒီပုံ “၁၀” ကိုတော့ ရှင်းပြနိုင်ပါတယ်။ ဒီပုံ “<” ကိုတော့ မရှင်းပြနိုင်ပါဘူး။ ဘာဖြစ်လို့ . . . မရှင်းပြနိုင်တာပါလဲ . . . ။ ဒီပုံ “၁၀” က . . . ကလေးဘဝကတည်းက တစ်၊ နှစ်၊ သုံး၊ လေး . . . တစ်ဆယ် . . . ဆိုတာကို စာကျက်ခိုင်းလို့ . . . ကျက်ခဲ့ပါတယ်။ ရေးလည်းရေးခိုင်းပါတယ်။ အဲဒီလို ရေးချခဲ့တဲ့ ဂဏန်းသင်္ကေတလေးတွေကို မှတ်မိနေပါတယ်။ မှတ်မိတာကို “သညာ” လို့ခေါ်ပါတယ်။ အဲဒီ “သညာ” ရဲ့အဖွဲ့ကို “သညာက္ခန္ဓာ” လို့ ခေါ်ပါတယ်။

ဒီတော့ . . . မိမိမှာ . . . “သညာက္ခန္ဓာ” ခေါ်တဲ့ မှတ်ထားတဲ့အဖွဲ့ရှိပါတယ်။ အဲဒီလို မှတ်ထားတဲ့အဖွဲ့က . . . “မနောဝိညာဉ်” ခေါ်တဲ့အတွင်းစိတ်ကို . . . အထောက်အပံ့ပေးရပါတယ်။ ဒီလို . . . အထောက်အပံ့ပေးမှ . . . “စိတ်” က အဓိပ္ပာယ်ဖော်လိုက်လို့ . . . “တစ်ဆယ်” လို့ အသံထွက်တတ်တယ်၊ ဆယ်ခု . . . ဆယ်မျိုးလို့ သိပါတယ်။

ဒီလို အတွင်းစိတ်အလုပ်လုပ်တဲ့ကိစ္စနဲ့ ဟောဒီအပြင်စိတ် . . . “ဝိပါကဝဋ်”အလုပ်လုပ်တဲ့စိတ် . . . (၂)မျိုးအလုပ်လုပ်နေတာကို သဘောပေါက်ပါပြီ။ အဲဒီမှာ . . . “ကိလေသစက်” မှာ သူအလုပ်လုပ်နိုင်ဖို့အတွက် မှတ်ထားသော “သညာက္ခန္ဓာ”အဖွဲ့က အထောက်အကူပေးလို့သာ အလုပ်လုပ်နိုင်ခြင်းဖြစ်ပါတယ်။

ဒီ တစ်ဆယ် (၁၀) ဆိုတဲ့ ဂဏန်းလေးဟာ “သညာက္ခန္ဓာ” ခေါ်တဲ့အမှတ်အဖွဲ့ထဲမှာ မှတ်သားထားပြီးသား ဖြစ်ပါတယ်။ ဒီပုံ “ < ” ဟာ “သညာက္ခန္ဓာ” ခေါ်တဲ အမှတ်အဖွဲ့ထဲမှာ ရှိမနေခဲ့ပါဘူး။ ဒါကြောင့် သူဟာ အမှတ်အဖွဲ့ထဲမှာ မပါဝင်တဲ့အတွက် သူ့ကိုအဓိပ္ပာယ်ဖော်လို့မရပါဘူး။ အဲဒီသဘောဟာ . . . ဘာကို သိစေချင်တာလဲ ဆိုရင် . . . “စိတ်” အလုပ်လုပ်နေပုံသဘောမှာ . . . သူ့အဆင့်နဲ့သူ . . . အလုပ်လုပ်တဲ့သဘာဝရှိပါတယ်။ ပထမအဆင့်က “မြင်အောင်” လုပ်ပေးပါတယ်။ “အဖြူ-အမဲ” ကိုမြင်အောင်လုပ်ပေးတယ်။

“ပုံသဏ္ဌာန်” နဲ့ “အလုံးအထည်” တို့ကို မြင်အောင်လုပ်ပေးပါတယ်။ အဲဒီလို လုပ်ပေးပြီးရင်. . . “မြင်ကိစ္စ” လုပ်ငန်းကပြီးသွားပါတယ်။

အဲဒါကို . . . “အဓိပ္ပာယ်ပေါ်အောင်” လုပ်ပေးရတာက . . . နောက်ထပ်ပေါ်လာတဲ့ “အတွင်းစိတ်” ကလုပ်ပေးရတာဖြစ်ပါတယ်။

ဒီတော့ . . . “အတွင်းစိတ်” က အဓိပ္ပာယ်ဖော်တဲ့အခါမှာ . . . သူ့ကို “ < ” တော့ အဓိပ္ပာယ်မဖော်နိုင်ပဲ သူ့ကို “၁၀” တော့ အဓိပ္ပာယ်ဖော်နိုင်သွားပါတယ်။ အဘယ်ကြောင့် အဓိပ္ပာယ်ဖော်နိုင်တာလဲဆိုရင် . . . အဲဒီစိတ်ထဲမှာ . . . စုဆောင်းထားတဲ့ အမှတ် “သညာ” တွေအများကြီးရှိခဲ့ပါတယ်။ အဲဒီအထဲက “၁၀” လည်းပဲ တစ်ခုအဖြစ် ပါဝင်နေပါတယ်။ ဒါကြောင့် သညာထဲမှာရှိတဲ့ “၁၀” နဲ့ နှိုင်းယှဉ်ပြီးတော့ . . . ရေးပြထားတဲ့ဟာ “၁၀” ကို တစ်ဆယ်လို့ အသံထွက်ပါတယ်။ အရေအတွက် တစ်ဆယ်လို့လည်း သိသွားပါတယ်။

အဲဒီလို သိအောင် . . . “သညာက္ခန္ဓာ” ကထောက်ပံ့ပေးတာပဲဖြစ်ပါတယ်။ အဲဒီမှာ. . . မှတ်သားထားတဲ့ အဖွဲ့အစည်း (သညာက္ခန္ဓာ) က အထောက်အပံ့ပေးမှ . . . အဓိပ္ပာယ်ပေါ်လာရပါတယ်။ အဲဒီလို အဓိပ္ပာယ်ဖော်တဲ့အလုပ်ကို “ကိလေသစက်” က လုပ်ပါတယ်။ တနည်းအားဖြင့် “ကိလေသစက်” မှာရှိသော “အတွင်းစိတ်” က. . . လုပ်ပေးတာဖြစ်ပါတယ်။ မှတ်ထားသော “သညာက္ခန္ဓာ” အဖွဲ့ရဲ့ အကူအညီနဲ့ “အတွင်းစိတ်” က အဓိပ္ပာယ်ဖော်ပေးရခြင်းဖြစ်ပါတယ်။ “သညာက္ခန္ဓာ” အဖွဲ့ထဲမှာပါမှ အဓိပ္ပာယ်ဖော်လို့ရပါတယ်။ အဲဒီအဖွဲ့ထဲမှာမပါရင် အဓိပ္ပာယ်မဖော်နိုင်ပါဘူး။

အမှန်တော့ . . . ဒါ “ < ” လည်း . . . တစ်ဆယ်ပါပဲ . . . ဒီ ဟာ “၁၀” လည်း . . . တစ်ဆယ်ပါပဲ . . . အဲဒါဟာ . . . ဂဏန်းသင်္ချာရဲ့သမိုင်းမှာ ရှေးအလွန်ကျတဲ့ ပုဂ္ဂိုလ်တွေက တစ်ဆယ်ကို ဒီသင်္ကေတ “ < ” နဲ့မှတ်ခဲ့ကြပါတယ်။ အဲဒါကြောင့် သူတို့က. . . ဒါ “ < ” ကိုမြင်ရင် . . . “တစ်ဆယ်” မှန်းသိကြပါတယ်။ အဲဒီလို . . . မှတ်ခဲ့တဲ့ လူမျိုးတွေဟာ . . . “ဘေဘီလုံး” လူမျိုးတွေပဲဖြစ်ပါတယ်။



လုပ်ရပါမယ်။ တစ်နဲ့တစ်ထောင်ပေါင်းရင် . . . တစ်ထောင့်တစ် “၁ + ၁၀၀၀ = ၁၀၀၁” တစ်ထောင့်တစ်အကြိမ်ပေါင်း . . . ဘယ်လောက်ပါလဲဆိုရင် . . . တစ်ထောင်ကိုထက်ဝက် ဝက်တော့ “ငါးရာ” ရပါတယ်။ အဲဒီ “ငါးရာ” နဲ့ “တစ်ထောင့်တစ်” နဲ့ မြှောက်ရင် . . . တစ်ကို ငါးရာနဲ့မြှောက်ရင် . . . “ငါးရာ” ရတယ်။ “ ၁ × ၅၀၀ = ၅၀၀” အဲဒီရလာတဲ့ ငါးရာရဲ့ရှေ့က “ငါးရာ” ထည့်ရေးလိုက်ရင် . . . “ငါးသိန်းငါးရာ” ဖြစ်လာပါတယ်။ “၅၀၀၅၀၀” အဲဒါဟာ . . . မှတ်ထားတဲ့ “သညာက္ခန္ဓာ” ရဲ့ အလုပ်ပဲဖြစ်ပါတယ်။ ဘာမှအထူးမပါပါဘူး။ အဲဒါဟာ ပုံသေနည်းကိုသိလို့ . . . တွက်နိုင်တာဖြစ်ပါတယ်။ အဲဒါဟာ . . . ဘယ်မှာ အလုပ်လုပ်နေတာလဲဆိုရင် . . .

“သညာက္ခန္ဓာ” ရဲ့အကူအညီနဲ့အလုပ်လုပ်နေတာဖြစ်ပါတယ်။ အဲဒါဟာ . . . “ကမ္မ” ပါပဲ။ ဒီလို တွက်တာကိုပဲ “ကမ္မ” လို့ခေါ်ပါတယ်။

အဲဒီလို “တွက်တာ” ဘယ်သူကတွက်နေတာလဲ . . . “မနောဝိညာဉ်” ခေါ်တဲ့အတွင်းစိတ်က တွက်နေတာဖြစ်ပါတယ်။ အဲဒီလို “အတွင်းစိတ်” က အလုပ်လုပ်မှ အဖြေထွက်ပါတယ်။ ဒီလို ဂဏန်းတွေပေါင်းရန် ရေးပြထားတာကို မမြင်ဘူးလားဆိုတော့ . . . “မြင်စိတ်” က မြင်ပါတယ် . . . “တစ်ကနေ . . . တစ်ထောင်အထိ” (၁+. . . +၁၀၀၀) ပေါင်းပါလို့ . . . “ပေါင်းခိုင်း” နေပါတယ်။ အဲဒီလိုခိုင်းပါတယ်ဆိုတာကို “မနောဝိညာဉ်” ကအဓိပ္ပာယ် ဖော်ပေးနေရပါတယ်။

မနောဝိညာဉ်က အဓိပ္ပာယ်ဖော်တာက ပထမအဆင့်ဖြစ်ပါတယ်။ ခိုင်းတဲ့အတိုင်း တွက်ပါဆိုတော့ . . . “ကမ္မဝဋ်” မှာရှိနေတဲ့ မနောဝိညာဉ်က တွက်ရပါတယ်။

အဲဒီလို တွက်တဲ့အလုပ်က တစ်ပိုင်း၊ အဓိပ္ပာယ်ဖော်တဲ့အလုပ်က . . . တစ်ပိုင်း၊ မြင်အောင်လုပ်တဲ့အပိုင်းက . . . တစ်ပိုင်း . . . အပိုင်းသုံးပိုင်းရှိမှ လုပ်ငန်းတစ်ခုပြည့်စုံ ပါတယ်။ အဲဒါဟာ . . . စိတ်ကလုပ်တာဖြစ်ပါတယ်။ စိတ်ကအဆင့်သုံးဆင့်ဖြင့် အလုပ်လုပ်ပေးရ ပါတယ်။

တစ်ကနေ တစ်ရာအထိပေါင်းရင်လည်း . . . ဒီလိုပဲယူရမယ်။ ဟောဒီမှာ . . . အစဂဏန်းကတစ်ပါ၊ နောက်ဆုံးဂဏန်းက "တစ်ရာ" ဖြစ်တယ်။ တစ်နဲ့တစ်ရာနဲ့ပေါင်းရင် . . . "တစ်ရာတစ်" ရတယ်။ " ၁ + ၁၀၀ = ၁၀၁" တစ်ခါ . . . "နှစ်နဲ့ကိုးဆယ့်ကိုး" ပေါင်းရင်. . . တစ်ရာတစ်ပဲရတယ်။ " ၂ + ၉၉ = ၁၀၁" "သုံးနဲ့ကိုးဆယ့်ရှစ်" နဲ့ပေါင်းရင်လည်း တစ်ရာ့တစ် . . . ရပါတယ်။ " ၃ + ၉၈ = ၁၀၁" ဒီလိုတစ်ရာတစ်က . . . ဂဏန်းတစ်ရာပေါင်းတဲ့အထဲမှာ "အကြိမ်ပေါင်း ၅၀" ပါဝင်ပါတယ်။ တစ်ရာကိုထက်ဝက်ချိုးလိုက်ရင် "ငါးဆယ်" ရပါတယ်။

အဲဒီတော့ . . . "တစ်ရာတစ်" ပေါင်းအကြိမ် -ငါးဆယ် ရှိပါတယ်။ တစ်နဲ့ငါးဆယ်နဲ့ မြှောက်ရင် . . . ငါးဆယ် ရတယ်။ ၁ × ၅ = ၅၀ တစ်ရာနဲ့ငါးဆယ်နဲ့မြှောက်ရင် . . . ငါးထောင် ရပါတယ်။ "၁၀၀ × ၅၀ = ၅၀၀၀" ဒါဟာ ဘာမှမခက်ပါဘူး။ ငါးဆယ်ရေးပြီးရင် ရှေ့က ငါးဆယ်ထပ်ပြီးရေးရပါတယ်။ ဒီမှာ . . . တစ်ရာရဲ့ထက်ဝက်ဟာ . . . ငါးဆယ်မဟုတ်ပါလား . . . ။

ငါးဆယ် . . . ငါးဆယ် . . . နှစ်ခါရေးလိုက်ရင် ငါးထောင့်ငါးဆယ် ရပါတယ်။

"၅၀၅၀" . . . ဒီတော့ "တစ်" ကနေ "တစ်ရာ" အထိပေါင်းရင် "ငါးထောင်ငါးဆယ်" . . . ဖြစ်လာပါတယ်။ အရှည်ကြီးလိုက်ပေါင်းစရာမလိုပါဘူး။ "တစ်ရာ" ကို ထက်ဝက် . . . ဝက်ရင် "ငါးဆယ်" ရပါတယ်။ "တစ်နဲ့တစ်ရာ" နဲ့ပေါင်းတော့ "တစ်ရာတစ်" ရပါတယ်။ အဲဒီ "တစ်ရာတစ်" အကြိမ် "ငါးဆယ်" ဖြစ်ပါတယ်။ အဲဒီတော့ ငါးဆယ်နဲ့တစ်နဲ့မြှောက်ရင် ပထမ ငါးဆယ် (၅၀) ရပါမယ်။ ငါးဆယ်နဲ့တစ်ရာနဲ့မြှောက်ရင် . . . "ငါးထောင်" ရတယ်။ ဒီတော့ . . . ရိုးရိုးလေးပဲမှတ်ထားပါ။ ရှေ့က ငါးဆယ် (၅၀) ရရင် . . . နောက်ထပ် ငါးဆယ်ထပ်ပြီး (၅၀) ရေးလိုက်ရင် . . . "ငါးထောင့်ငါးဆယ်" ဖြစ်သွားပါတယ် . . . ။ "၅၀၅၀" အဲဒါဟာ တစ်ကနေတစ်ရာအထိပေါင်းရင် ငါးထောင်ငါးဆယ် ရပါတယ်။ အဲဒါဟာ သင်္ချာပညာ၏ကိန်းသေနည်းဖြစ်ပါတယ်။ "တစ်ကနေတစ်ထောင်" အထိပေါင်းရင်လည်း ဒီအတိုင်း



ဒါကြောင့် သူတို့တွေဟာ . . . "၁၀" ကို ရေးမှတ်မယ်ဆိုရင် . . . ဒီလို အချွန် < ပါပြီးရေးမှတ်ခဲ့ပါတယ်။

ဒီတော့ . . . ဘေဘီလုံး . . . တွေရဲ့ "ရှုပါရုံ" မှာ ဒါ " < " ကို မြင်လိုက်တာနဲ့ . . . သူ့ရဲ့ အတွင်းစိတ်က "တစ်ဆယ်" လို့ . . . ပြောလိုက်ပါတယ်။

အဲဒီလို ပြောနိုင်တာဟာ . . . သူတို့ရဲ့အတွင်းစိတ်ထဲမှာ . . . ဒါ " < " ကို. . . "တစ်ဆယ်" အဖြစ်မှတ်သားထားခဲ့လို့ပဲ ဖြစ်ပါတယ်။

တကယ်တော့ . . . အဓိပ္ပာယ်သိတယ်ဆိုတာဟာ . . . မှတ်ထားသောအဖွဲ့ထဲမှာ ပါမှ . . . အဓိပ္ပာယ်ကို သိနိုင်ပါတယ်။ အဲဒီလို အဓိပ္ပာယ်သိအောင်လုပ်ပေးနေတာဟာ. . . အတွင်းစိတ် (မနောဝိညာဉ်) ပဲဖြစ်ပါတယ်။ သညာက္ခန္ဓာ အဖွဲ့က အကူအညီပေးလို့ အထောက်အပံ့ပေးလို့သာ . . . အဓိပ္ပာယ်ဖော်နိုင်တာဖြစ်ပါတယ်။ အဲဒီ "သဘာဝတွေ" ကို သေသေချာချာ စဉ်းစားတတ် ဆင်ခြင်တတ်ဖို့အတွက် ဒီပညာရပ်တွေကို လေ့လာနေရခြင်း ဖြစ်ပါတယ်။ မြင်ကိစ္စ၊ ကြားကိစ္စ လုပ်တာက ပထမအဆင့်ပါ။ မြင်တာ၊ ကြားတာကို . . . အဓိပ္ပာယ်ဖော်တာက နောက်တစ်ဆင့်ဖြစ်ပါတယ်။

အခု . . . မြင်တာနဲ့တွဲ၍ မြင်သော "အဆင်း" ကို အဓိပ္ပာယ်ဖော်တဲ့ အလုပ်လုပ်တာပဲ ဖြစ်ပါတယ်။

မှတ်ထားတဲ့ "သညာက္ခန္ဓာ" ထဲမှာ . . . အတွင်းစိတ် "မနောဝိညာဉ်" က ပြန်ရှာ ရပါတယ်။ သူရှာနေတဲ့ "ပုံသဏ္ဌာန်" ဟာ . . . အဲဒီအထဲမှာရှိရင် . . . အဲဒီအသံထွက်. . . အဲဒီ အဓိပ္ပာယ်ကို ဒီပစ္စုပ္ပန်မှာ မြင်သော အရောင်အဆင်း . . . ပုံပန်းသဏ္ဌာန်ကို ပြန်ပြီး ပြောလိုက်ပါတယ်။ ဒါဟာ . . . (၁၀) . . . "တစ်ဆယ်" . . . ဖြစ်ပါတယ်လို့ အတွင်းစိတ်က ပြောပေးနေရပါတယ်။ "တစ်ဆယ်" လို့အသံထွက်ရမယ်၊ အရေအတွက်အားဖြင့် ခုရေ တစ်ဆယ်ရှိတယ်လို့ . . . ပြန်ပြောရပါတယ်။

အဲဒါဟာ အတွင်းစိတ်က မြင်တဲ့ အာရုံကို အဓိပ္ပာယ်ဖော်တဲ့ အလုပ်ကိုလုပ်ပေးနေပါတယ်။ ဒီအတွင်းစိတ်က ဘယ်သူ့ရဲ့ အကူအညီနဲ့ အဓိပ္ပာယ်ဖော်ရတာလဲ . . . ဆိုရင် . . . စုထားတဲ့ (သညာက္ခန္ဓာ) အဖွဲ့ထဲမှာရှိတဲ့ . . . အမှတ်သဘောတွေက အထောက်အပံ့ပေးတဲ့အတွက် . . . အတွင်းစိတ်က အဓိပ္ပာယ်ဖော်နိုင်ရခြင်းဖြစ်ပါတယ်။

အဲဒီသဘောတွေဟာ "စိတ်" ရဲ့အလုပ်ဖြစ်ပါတယ်။ "စိတ်" ဆိုတာဟာ တစ်ဆင့်ပြီးမှ တစ်ဆင့် အလုပ်လုပ်ရပါတယ်။

အခုပြောနေတဲ့ "စကားသံ" တွေကို ကြားနေပါတယ်။ ကြားတော့လည်း . . . နားလည်နေပါတယ်။ အခုလို . . . "နားလည်တယ်" . . . ဆိုတဲ့ သဘောကို . . . "ချက်ချင်း" နားလည်တယ်လို့ မှတ်ယူနေပါတယ်။ မြင်တဲ့ "စိတ်" က မြင်တဲ့ "ရုပ်ပုံ" ကို အဓိပ္ပာယ်ဖော်ပေးသလို . . . နောက်လိုက်အတွင်းစိတ်က အဓိပ္ပာယ်ဖော်ပေးမှ . . . "မြင်" တာကို အဓိပ္ပာယ်သိပါတယ်။

"ကြားစိတ်" ကလည်းပဲ . . . အခု "သိ" တယ်ဆိုတာဟာ . . . ဘယ်လိုကြောင့် သိပါသလဲ . . . "သညာက္ခန္ဓာ" လို့ခေါ်တဲ့ မှတ်ထားတဲ့ အထဲမှာပါလို့ . . . ဒီအသံထွက်နဲ့ အဓိပ္ပာယ်တွေကို သိနိုင်တာပါ။ အခု . . . "ပိုင်နိုင်" . . . "ပိုင်နိုင်" ဆိုတဲ့ အသံကိုကြားတယ် မဟုတ်လား . . . ကြားတယ်ဆိုတာဟာ . . . "ကြားစိတ်" ကလုပ်ပေးလို့ ကြားခြင်းဖြစ်ပါတယ်။ ဒါပေမယ့် . . . အဲဒီအသံထွက်ရဲ့ "အဓိပ္ပာယ်" ကိုသိပါသလား . . . "ပိုင်နိုင်" . . . ပဲ ကြားရုံကြားနေပါတယ်။ ဘာအဓိပ္ပာယ်ရှိတယ်ဆိုတာကိုတော့ သိမယ်မဟုတ်ပါဘူး။ အဲဒါဟာ. . . ဘာဖြစ်လို့လဲဆိုရင် . . . "သညာက္ခန္ဓာ" ခေါ်တဲ့ မှတ်ထားတဲ့အထဲမှာ "ဒီအသံ" ဟာ ဘာအဓိပ္ပာယ်လဲလို့ မသိပါဘူး။ သညာ အမှတ်ထဲမှာ . . . မပါတဲ့အတွက်ဖြစ်ပါတယ်။ "ဘယ်သွားမလို့လဲ" . . . "ဘယ်သွားမလို့လဲ" . . . ဆိုရင်ရော "သိ" တယ်မဟုတ်လား . . . သိပါတယ်ဆိုတာဟာ "သညာက္ခန္ဓာ" ထဲမှာ . . . ပါလို့ . . . သိရတာပါ။



ဘာဖြစ်လို့လဲဆိုရင် . . . သူက ဒါကိုလေ့ကျင့်ထားတဲ့အတွက် လုပ်တတ်ပါတယ်။ ဒီ "သညာက္ခန္ဓာ" မှာ မှတ်ထားတဲ့အတိုင်း ပြန်ပြီးတွက်ရပါတယ်။ အဲဒီမှာ . . . "ကိန်းသေ" ဆိုတာ ရှိပါတယ်။ တစ်ကနေ တစ်ထောင်အထိပေါင်းပေါင်း၊ တစ်ကနေ တစ်သောင်းအထိပေါင်းပေါင်း . . . ဒီ "ကိန်းသေ" ကိုသိရင် . . . ချက်ချင်း ရေးချနိုင်ပါတယ်။

တစ်က တစ်ထောင်အထိပေါင်းရင် . . . ၅၀၀၅၀၀၊

တစ်က တစ်ရာအထိပေါင်းရင် . . . ၅၀၅၀၊

တစ်က တစ်ဆယ်အထိပေါင်းရင် . . . ၅၅ ရရှိကြပါတယ်။

ဒီလိုရေးချနိုင်တာဟာ . . . "ကိန်းသေ" ကို တွက်တဲ့နည်းကို သင်ထားသောကြောင့် မနောဝိညာဉ်က အလုပ်လုပ်နိုင်တာဖြစ်ပါတယ်။ ခက်တော့လည်း မခက်လှပါဘူး။ ဒါဟာ ပညာဖြစ်ပါတယ်။ အခုလို . . . "တစ်နဲ့တစ်ဆယ်" နဲ့ပေါင်းရင် . . . "တစ်ဆယ့်တစ်" ရပါတယ်။ " ၁+၁၀ = ၁၁" ရှေ့ကနှစ်ရယ်၊ တစ်ဆယ်ရဲ့ရှေ့က . . . ကိုးရှိပါတယ်။ နှစ်နဲ့ကိုးနဲ့ ပေါင်းရင် . . . တစ်ဆယ့်တစ်ပဲ ရတယ်။ " ၂ + ၉ = ၁၁" အဲဒီလိုပဲ . . . သုံးနဲ့ရှစ်နဲ့ပေါင်းရင် တစ်ဆယ့်တစ် . . . ရတယ်။ "၃ + ၈ = ၁၁"

အဲဒီ တစ်ဆယ့်တစ်ပေါင်း . . . ငါးကြိမ်ရပါတယ်။

| | | | | |
|---|---|---|---|---|
| ၁ | + | ၁၀ | = | ၁၁ |
| ၂ | + | ၉ | = | ၁၁ |
| ၃ | + | ၈ | = | ၁၁ |
| ၄ | + | ၇ | = | ၁၁ |
| ၅ | + | ၆ | = | ၁၁ |

တစ်ဆယ်တစ်ပေါင်း ငါးကြိမ်ရပါတယ်။ တစ်ကြိမ်ပေါင်းရင် တစ်ဆယ့်တစ်ရပါတယ်။ တစ်ဆယ့်တစ်ပေါင်း . . . ငါးကြိမ်ပါတော့ တစ်ဆယ့်တစ်ငါးလီ (၁၁×၅=၅၅) ငါးဆယ့်ငါး ဖြစ်ပါတယ်။

တစ်ရာအထိ ပေါင်းပါ” ဆိုတဲ့ အမိပ္ပာယ်ကို ပြောပြနေပါတယ်။ အဲဒီလို “ပေါင်းခိုင်း” တာကို ပေါင်းခိုင်းမှန်းသိတော့ . . . ကမ္ဘဝင်မှာအလုပ်လုပ်သော “မနောဝိညာဉ်” (အတွင်းစိတ်) က ပေါင်းတဲ့အလုပ်ကို စိတ်နဲ့လုပ်ရပါတော့မယ်။

ဒီတော့ “တစ်မှတစ်ရာအထိ” ပေါင်းကြည့်ပါ။ လွယ်လွယ်နဲ့တော့မရပါဘူး။ တကယ်ပေါင်းကြည့်ရင် ၁+၂+၃+ . . . +၁၀၀ = ၅၀၅၀ ရပါတယ်။ တစ်မှတစ်ရာအထိပေါင်းရင် ငါးထောင့်ငါးဆယ်ရပါတယ်။ ဒါပေမယ့် အဲဒါဟာလွယ်လွယ်နဲ့မသိပါဘူး။ ဘာဖြစ်လို့ လွယ်လွယ်နဲ့မသိတာလဲဆိုရင် “သညာက္ခန္ဓာ” ထဲမှာ . . . ဒီလို “တွက်တဲ့တွက်နည်း” ကို မှတ်ထားခဲ့ခြင်းမရှိလို့ဖြစ်ပါတယ်။

အဲဒီတော့ . . . “ငါးထောင့်ငါးဆယ်” ဖြစ်အောင် ဘယ်သူကလုပ်ပေးရတာလဲ. . . အတွင်းစိတ်ကလုပ်ပေးရပါတယ်။ “ကမ္ဘဝင်” မှာ အလုပ်လုပ်တဲ့ မနောဝိညာဉ်ဖြစ်ပါတယ်။ သူဒီလိုလုပ်နိုင်တာဟာ . . အထောက်အကူပေးတဲ့ “သညာက္ခန္ဓာ” ထဲမှာ . . . ဒီ “တွက်နည်း”ကို မှတ်ထားခဲ့လို့ဖြစ်ပါတယ်။

အခု . . . ပညာပြရပါအုံးမယ်။ ဒီလိုရေးပါမယ် . . . (၁+၂+၃+. . . +၁၀၀၀= ) ဒါဟာတစ်ကနေပြီး ဂဏန်းပေါင်းတစ်ထောင်အထိပေါင်းခိုင်းနေတာဖြစ်ပါတယ်။ အဲဒီဟာတွေကို ဂဏန်းချရေးပြီး ပေါင်းကြည့်ရင်တောင် အကြာကြီးပေါင်းရပါမယ်။

အခုပေါင်းပါပြီ . . .

၁+၂+၃+. . . +၁၀၀၀ = ၅၀၀,၅၀၀ စုစုပေါင်း ငါးသိန်းငါးရာ . . . ဖြစ်ပါတယ်။

အခုလို လွယ်လွယ်ချရေးပြလိုက်တော့ . . . မှန်တယ်လို့ရော . . . ယုံကြပါရဲ့လား . . . မယုံရင် . . . ကိုယ့်ဟာကိုယ်တွက်ကြည့်ဖို့လိုပါတယ်။

ဒီလိုတစ်နှစ်သုံးလေး . . . ပေါင်းတဲ့နည်းကို . . . ဆရာကလည်းသင်ပေးမထားတော့ . . . မသိဘူးဖြစ်ပါတယ်။ ဒါဟာ . . . အလုပ်လုပ်တဲ့ “စိတ်” က လုပ်တတ်တဲ့သဘောပါ။



“ပိုင်နိုင်” . . . “ပိုင်နိုင်” ဆိုတာဟာ . . . သညာက္ခန္ဓာထဲမှာ မပါတော့ မသိတာဖြစ်ပါတယ်။ သူ့လူမျိုးနဲ့ သူ့စကားတော့ နားလည်ကြပါတယ်။ ဒီစကားဟာ ယိုးဒယား စကားဖြစ်လို့ . . . ယိုးဒယား လူမျိုးများက . . . “ပိုင်နိုင်” . . . “ပိုင်နိုင်” ဆိုရင် နားလည်ကြပါတယ်။ အဲဒီအဓိပ္ပာယ်က . . . “ဘယ်သွားမလို့လဲ” . . . ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ မြန်မာကတော့ . . . ဒီစကားလုံးဟာ . . . ကိုယ့် “သညာက္ခန္ဓာ” ထဲမှာ မရှိလို့ . . . မသိပါဘူး။

အဲဒီတော့ . . . “သိတယ်” . . . “အဓိပ္ပာယ်” ပေါ်တယ်ဆိုတဲ့ အလုပ်ကို အတွင်းစိတ် မနောဝိညာဉ်က လုပ်တာပဲဖြစ်တယ်။ အဲဒီလိုလုပ်တဲ့အခါ . . . “သညာက္ခန္ဓာ” ခေါ်တဲ့ အမှတ်အသား အဖွဲ့အစည်းရဲ့ ထောက်ပံ့ကူညီမှုနဲ့ . . . လုပ်တာဖြစ်ပါတယ်။ အဲဒီ “သညာက္ခန္ဓာ” ကြီးကို တစ်သက်လုံးတည်ဆောက်ခဲ့ရတာ ဖြစ်ပါတယ်။

ကျောင်းတက်ပြီး ပညာတွေသင်တာဟာ . . . “သညာက္ခန္ဓာ” ကြီး တိုးပွားလာအောင် တည်ဆောက်ပေးတာဖြစ်ပါတယ်။

“သညာက္ခန္ဓာ” ကလည်း အလုပ်လုပ်ပေးတယ်။ “ဝိညာဏက္ခန္ဓာ” ကလည်း အလုပ်လုပ်ပေးပါတယ်။ ဒီလို “ X ” ရေးပြရင် . . . အဲဒါဟာ . . . အမြှောက်လက္ခဏာလို့ ချက်ချင်းသိပါတယ်။ သိရခြင်းဟာ . . . မိမိရဲ့ “သညာက္ခန္ဓာ” ထဲမှာ . . . ပါလို့ သိရခြင်း ဖြစ်ပါတယ်။ ဒီလို “၁၀ × ၂” ရေးလိုက်တော့ ချက်ချင်းပဲ တစ်ဆယ် အမြှောက် နှစ်လို့ သိပါတယ်။ ဒါဟာ အတွင်းစိတ်က ဖော်ထုတ်ပေးလို့သိရတာပါ။ ဒါဟာ ဂဏန်းတွက်ခိုင်းခြင်း ဖြစ်ပါတယ်။

အဲဒီလို ရေးပြလိုက်တာဟာ . . . တစ်ဆယ်နဲ့ နှစ်နဲ့ မြှောက်ပါလို့ . . . ခိုင်းနေတာဖြစ်ပါတယ်။ ခိုင်းမှန်းသိအောင် . . . အတွင်းစိတ်က “သညာက္ခန္ဓာ” ရဲ့ အကူအညီနဲ့ အဓိပ္ပာယ်ဖော်ပေးတာဖြစ်ပါတယ်။ ဒီတော့ . . . နှစ်နဲ့ တစ်ဆယ်နဲ့ မြှောက်ပါလို့ ဆရာက ခိုင်းမှန်းသိလာပါပြီ။ အဲဒါဟာ အဓိပ္ပာယ်သိတာပါ။ ဒီလောက်မှ မသင်ဘူးသေးတဲ့ ကလေးကျတော . . . ဒီလိုရေးပြပေမယ့် . . . မြှောက်ခိုင်းတာမှန်း မသိပါဘူး။

ဒါဟာ သညာက္ခန္ဓာရဲ့ အလုပ်ဖြစ်ပါတယ်။ သူက ကူညီပေးလို့ . . . အတွင်းစိတ် မနောဝိညာဉ်က . . . မြှောက်ပါလို့သိပါတယ်။ ဒါဟာ . . . အတွက် တွက်ခိုင်းတာဖြစ်ပါတယ်။ အခုလို အတွင်းစိတ် . . . မနောဝိညာဉ်က . . . အတွက်တွက်ခိုင်းပြီးတဲ့နောက် . . . "စိတ်" က ထပ်ပြီးအလုပ်လုပ်ရပါအုံးမယ် . . . အဓိပ္ပာယ်ဖော်တဲ့အတွင်းစိတ်က အဓိပ္ပာယ် ဖော်ပေးပြီးတဲ့အခါ . . . နောက်စိတ်တစ်ခုက အလုပ်လုပ်ပေးရပါသေးတယ်။ ဒါကြောင့်မို့ . . . အလုပ်လုပ်တဲ့စိတ်က . . . အဓိပ္ပာယ်ဖော်တဲ့ စိတ်နဲ့ မတူပါဘူး။ အလုပ်လုပ်တဲ့စိတ်က . . . ဒါဟာ . . . ၁၀ × ၂ = ၂၀ ဖြစ်ပါတယ်။ ဒီနှစ်နဲ့ တစ်ဆယ်နဲ့ မြှောက်ရင် . . . ဒီလို ညီမျှတဲ့ ကိန်းရှိပါတယ် . . . အဲဒီ ညီမျှတဲ့ကိန်းဟာ . . . "နှစ်ဆယ်" . . . ဖြစ်ပါတယ်လို့ . . . တွက်ပြပါတယ်။

"တွက်တဲ့စိတ်" နဲ့ မြှောက်ပါလို့ ပြောတဲ့စိတ်" ဟာ . . . မတူပါဘူး။

တွက်တဲ့စိတ် က. . . အလုပ်တစ်ခု ဖြစ်ပါတယ်။ မြှောက်ခိုင်းတာကိုသိတဲ့စိတ်က . . . အလုပ်တစ်ခု ဖြစ်ပါတယ်။

တွက်တဲ့စိတ်က အလုပ်လုပ်တာကို "ကမ္မ" လို့ခေါ်ပါတယ်။ အဓိပ္ပာယ်ပေါ်အောင် ဖော်ပေးတာက အတွင်းစိတ် မနောဝိညာဉ်ဖြစ်ပါတယ်။ ဒီစိတ်က . . . ဒါဟာ . . . တစ်ဆယ်နဲ့ နှစ်နဲ့မြှောက်ခိုင်းတာလို့ သိပါတယ်။

သိတော့မှ . . . "မြှောက်တဲ့အလုပ်" ကို လုပ်တဲ့စိတ်က တစ်ပိုင်းပါ။ ဒီစိတ်က တွက်တဲ့ အလုပ်ကို လုပ်တာပါ။ အဲဒါက "ကမ္မဝဋ်" လို့ခေါ်ပါတယ်။ တွက်တာကို လုပ်တာဟာ မနောဝိညာဉ် အတွင်းစိတ်ကလုပ်တာဖြစ်ပါတယ်။

အခုလိုရေးပြပါမယ် . . . ၁ + ၂ + ၃ + . . . + ၁၀ အထက်ပါအတိုင်း " + " (အပေါင်းလက္ခဏာ) နဲ့ ရေးပြထားတာဟာ ပေါင်းပါ။ တစ်မှ တစ်ဆယ်အထိ ပေါင်းပါလို့ . . . ပေါင်းခိုင်းတာပါ။ "ပေါင်းတဲ့အလုပ်" ကို လုပ်လိုက်တော့မှ "အဖြေ" ထွက်ပါမယ်။



အဖြေထွက်အောင် . . . မနောဝိညာဉ် (အတွင်းစိတ်) က . . . "ကမ္မဝဋ်" ခေါ်တဲ့ အလုပ်လုပ်တဲ့စက်မှာ လုပ်ပြရပါတယ်။

အဲဒီတော့ . . . တစ်ကနေပြီး . . . တစ်ဆယ်အထိပေါင်းရင် . . . "၅၅" (ငါးဆယ့်ငါး) ရပါတယ်။ " ၁ + ၂ + ၃ + . . . + ၁၀ = ၅၅" အဲဒီလို (ငါးဆယ့်ငါး) ရအောင် တွက်ပြတာဟာ . . . "ကမ္မဝဋ်" ခေါ်တဲ့ အလုပ်လုပ်သောစက်မှာ အလုပ်လုပ်သော မနောဝိညာဉ် (အတွင်းစိတ်) က လုပ်တာပါ။ မနောဝိညာဉ်က တွက်ပြတာဖြစ်ပါတယ်။ တစ်ကနေ . . . တစ်ဆယ်အထိပေါင်းပါလို့ အဓိပ္ပာယ်ဖော်ပြတာကို . . . "ကိလေသဝဋ်" မှာ ရှိသော မနောဝိညာဉ် (အတွင်းစိတ်) က လုပ်ခိုင်းတာ ဖြစ်ပါတယ်။ (အပေါင်းခိုင်းတာ = လုပ်ခိုင်းတာ) ဖြစ်ပါတယ်။

တစ်ကနေ . . . တစ်ဆယ်အထိ ဂဏန်းဆယ်လုံးကို ပေါင်းပါလို့ ခိုင်းပါတယ်။ အဲဒီ အဓိပ္ပာယ်ကို ပြောတော့မှ . . . ကမ္မဝိညာဉ် ခေါ်သော အတွင်းစိတ်က "ပေါင်းကြည့်ပါတယ်" . . . ပေါင်းတော့ (အလုပ်လုပ်တော့) ငါးဆယ့်ငါး ရပါတယ်။

အဲဒီလို အလုပ်လုပ်တာဟာ . . . မြင်တာက . . . တစ်ဆင့် (ပထမ) ပေါင်းပါလို့ (ပေါင်းခိုင်းတာ) . . . တစ်ဆင့် (ဒုတိယ) ပေါင်းလိုက်လို့ . . . ငါးဆယ့်ငါးရတာ . . . တစ်ဆင့် (တတိယ) ဆိုပြီးတော့ . . . အဆင့်သုံးဆင့်လုပ်နေပါတယ်။ ပေါင်းလိုက်လို့ . . . ငါးဆယ့်ငါး ဖြစ်လာတဲ့ အလုပ်ကိုတော့ . . . ကမ္မဝဋ်မှာ လုပ်သော "ကမ္မမနောဝိညာဉ်" ကလုပ်ပါတယ်။ ပေါင်းခိုင်းတဲ့ အဓိပ္ပာယ်ကို သိတာက . . . ကိလေသဝဋ်မှာ လုပ်သော အတွင်းစိတ် "ကိလေသဝိညာဉ်" က (မနောဝိညာဉ်) လုပ်ပါတယ်။ ပထမဖြစ်သော "မြင်စိတ်" က . . . မြင်ရုံပဲ မြင်တယ်လို့ပြောတာပါပဲ။ အခုလို ရေးပြပါအုံးမယ် . . . ၁ + ၂ + . . . + ၁၀၀ အဲဒါဟာ တစ်ကနေပြီး တစ်ရာအထိ ကိန်းဂဏန်းအားလုံးကို အတိုရေးပြလိုက်ပါတယ်။ အဲဒါကို ကိလေသဝဋ်မှာပါတဲ့ "မနောဝိညာဉ်" က (အဓိပ္ပာယ်ဖော်ပါတယ်) "တစ်ကနေ

## အတ္တာဒိဋ္ဌိ ... ရှိလျှင် ... အပါယ်ကျမည်

> သဗ္ဗာနိ စ အပါယဂါမိနီကမ္မာနိ နာမ
> အတ္တဒိဋ္ဌိ ယာ သတိယာ ဧဝ အာပဇ္ဇတိ၊
> အသတိယာ န အာပဇ္ဇတိ ။

သဗ္ဗာနိ စ ............... အလုံးစုံလည်းဖြစ်ကုန်သော

အပါယဂါမိနီကမ္မာနိ နာမ. . . . . . . . . . . . . . . .
အပါယ်သို့လားစေသော
ကံတို့မည်သည်ကား

အတ္တဒိဋ္ဌိ ယာ . . . . . . . . . . . . . . . .
အတ္တဒိဋ္ဌိသည် (ဝါ) မိစ္ဆာဒိဋ္ဌိသည်

သတိယာ ဧဝ . . . . . . . . . . . . . . . .
ရှိမှသာလျှင်

အာပဇ္ဇတိ . . . . . . . . . . . . . . . .
ရောက်ရ၏။

အသတိယာ . . . . . . . . . . . . . . . .
အတ္တဒိဋ္ဌိမရှိခဲ့သော် . . .

C D

# L

ဗုဒ္ဓဒေသနာ နှင့် ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ (ရန်ကုန်)

**ဆရာကြီး ဦးဌေးအောင်**
**(မဟာသဒ္ဓမ္မဇောတိကဓဇ)**

၏

# (၂၅) ကြိမ်မြောက် ဗုဒ္ဓဒေသနာသင်တန်း

မှ

**ဟောပြောချက်များ**

(၁၁) ဝင်္ဒသုံးပါး . . . ( ၂၀ - ၄ - ၂၀၀၇ )

(သင်တန်းသားများအတွက်သာ)

ဗုဒ္ဓဒေသနာ နှင့် ဝိပဿနာပြန့်ပွားရေးအဖွဲ့ (ရန်ကုန်) မှ ဖြန့်ချိသည်။

C D